# ATFX CopyTrade နည်းဥပဒေများနှင့် အခြေခံစည်းမျဉ်းများ



ATFX CopyTrade စည်းကမ်းများနှင့်သတ်မှတ်ချက်များသည် ATFX ပလက်ဖောင်းပေါ်တွင် copy trading လုပ်ဆောင်ချက်ကိုအသုံးပြုစဉ် သင့်အပေါ်သက်ရောက်မည့် စည်းကမ်းများကိုဖော်ပြသည်။

CopyTrade ဝန်ဆောင်မှု၏ လိုက်လံဆောင်ရွက်သူများနှင့်ပေးအပ်သူများအပါအဝင် အသုံးပြုသူများသည် သဘောတူညီမှုအား လက်မခံခင် ATFX CopyTrade စည်းကမ်းများနှင့်သတ်မှတ်ချက်များ (ယခုမှစ၍ "စည်းကမ်းများနှင့်သတ်မှတ်ချက်များ"ဟုခေါ်တွင်မည်)ကိုသေချာစွာဖတ်ရှုရမည်။

Copy trading ဝန်ဆောင်မှုကိုအသုံးပြုခြင်းအားဖြင့် သို့မဟုတ် ဤရွေးချယ်နိုင်မှုကိုသင့်အတွက်ရရှိသည့်အခါ လက်ခံမည်ကိုနှိပ်ခြင်း သို့မဟုတ် စည်းကမ်းများနှင့်သတ်မှတ်ချက်များကိုသဘောတူခြင်းဖြင့် သင်သည် ဤစည်းကမ်းများနှင့်သတ်မှတ်ချက်များ၊ ကျွန်ုပ်တို့၏မူဝါဒတို့၏ လွှမ်းခြုံမှုကိုလက်ခံ၍ လိုက်နာရန်သဘောတူသည်။

Copy trading ဝန်ဆောင်မှု (ယခုမှစ၍ "ဝန်ဆောင်မှု"ဟုခေါ်တွင်မည်)ကို ဆက်လက်ရယူခြင်း သို့မဟုတ် သုံးစွဲခြင်းဖြင့် သင်သည် သဘောတူညီချက်တွင်ဖော်ပြထားသည့်အတိုင်း အန္တရာယ်များနှင့်ဆုံးရှုံးမှုများကိုလက်ခံရန် သဘောတူသည်။ ATFX.com ဝဘ်ဆိုဒ်ပေါ်တွင်တင်ထားသည့် copy trade အတွက်သာမကပဲ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအားလုံးအတွက်သက်ရောက်သည့် စံစည်းကမ်းများနှင့်သတ်မှတ်ချက်များအပြင် ဤသဘောတူညီချက်ရှိ စည်းကမ်းချက်များသည် သင့်အပေါ်ကို သက်ရောက်သည်။

သင်သည် ကျွန်ုပ်တို့နှင့် trade ပြုလုပ်ရန်မဆုံးဖြတ်မီ အမှီအခိုကင်းသောအကြံပြုချက်ကိုရယူသင့်ပြီး ကျွန်ုပ်တို့၏ စည်းကမ်းများနှင့်သတ်မှတ်ချက်များကိုရည်ညွှန်းသင့်သည်။

ATFX သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အခါအားလျော်စွာ ဤစည်းကမ်းများနှင့်သတ်မှတ်ချက်များကို ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်းပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့မှ ပြောင်းလဲမှုများကိုတင်လိုက်သည့်အခါ ပြောင်းလဲမှုအားလုံးသည် လက်ငင်းသက်ရောက်ပြီး ဝဘ်ဆိုဒ်ရယူမှုနှင့်အသုံးပြုတိုင်းအပေါ် လွှမ်းခြုံသည်။ ပြင်ဆင်ထားသည့်စည်းကမ်းများနှင့် သတ်မှတ်ချက်များကို တင်ပြီးနောက် သင်၏ဝဘ်ဆိုဒ်ဆက်လက်အသုံးပြုမှုသည် သင့်အနေဖြင့်ပြောင်းလဲမှုများကို လက်ခံသဘောတူကြောင်း အဓိပ္ပာယ်သက်ရောက်မည်။ သင့်အပေါ်သက်ရောက်သည့် မည်သည့်ပြောင်းလဲမှုမဆိုကို သိရှိရန် သင်သည် ဤစာမျက်နှာကို အခါအားလျော်စွာဝင်ကြည့်သင့်သည်။

## ဝေါဟာရများ

**ATFX** – AT Global Markets LLC ("ATFX") သည် ကုမ္ပဏီအမှတ် 333 LLC 2020နှင့် စိန့်ဗင်းဆန့်နှင့်ဂရန်းနဒင်းရှိ လုပ်ပိုင်ခွင့်အားဖြင့်ကန့်သတ်ထားသည့်ကုမ္ပဏီဖြစ်သည်။ တရားဝင်ရုံးခန်း- ပထမထပ်၊ ပထမစိန့်ဗင်းဆန့်ဘဏ်အဆောက်အအုံ၊ဂျိမ်းလမ်း၊ ကင်းစ်တောင်း၊ စိန့်ဗင်းဆန့်နှင့်ဂရန်းနဒင်း။

**ဆက်စပ်ကုမ္ပဏီများ–** ဆိုသည်မှာ AT Global Markets LLC အပြင် "ATFX"

ATFX CopyTrade

၏ဘုံကုန်ပစ္စည်းအမှတ်တံဆိပ်ကိုမျှဝေသည့်ကုမ္ပဏီများကိုဆိုလိုပြီး ဤစည်းကမ်းများနှင့်သတ်မှတ်ချက်များအရ၊ အောက်ပါတို့အပြင်အခြားအကြောင်းအရာများလည်းပါဝင်မည်-

(1) AT Global Markets Intl Limited၊ တရားဝင်ရုံးခန်း- G08၊ မြေညီထပ်၊ The Catalyst၊ဆိုလီကွန်ရိပ်သာ၊ ၄၀ ဆိုင်ဘာစီးတီး၊ ၇၂၂၀၁ Ebène၊ မောရိသျှသမ္မတနိုင်ငံ၊

(2) AT Global Markets (UK) Ltd၊ တရားဝင်ရုံးခန်း- ပထမထပ်၊ ၃၂ ကွန်းဟေးလ်၊ လန်ဒန် EC3V3SG၊ ယူနိုက်တက်ကင်းဒမ်း၊

(3) ATFX Global Markets (CY) Ltd၊ တရားဝင်ရုံးခန်း- ၁၅၉ Leontiou A' လမ်း၊ မေရီဗွန်နဲလ်အဆောက်အအုံရုံးခန်း ၂၀၄၊ ၃၀၂၂၊ လီမာဆိုးလ်၊ ဆိုက်ပရပ်စ်သမ္မတနိုင်ငံ၊

(4) AT Global Markets (SC) Limited၊ တရားဝင်ရုံးခန်း- Suite ၃၊ Global Village၊ ဂျီဗန်အဆောက်အအုံ၊ မွန့်ဖလာရီ၊ မဟေ၊ ဆေးရှဲလ်သမ္မတနိုင်ငံ၊

(5) AT Global Markets (Australia) Pty Ltd၊ တရားဝင်ရုံးခန်း- တာဝါ ၂ ဒါလင်ပါ့ခ်၊ ၁၆ထပ်၊ ဆက်ဇက်စ်လမ်း၊ ဆစ်ဒနီ NSW 2000၊ သြစတြေးလျနေသဟာယနိုင်ငံ၊ နှင့်

(6) AT Global Markets SA (Pty) Ltd၊ တရားဝင်ရုံးခန်း- Suite ၁၈၀၁(ခ)၊ ၁၈ထပ် ပေါ့တ်ဆိုဒ်တာဝါ ၄ ဘရီးလမ်း၊ ကိပ်တောင်း 8000၊ တောင်အာဖရိကသမ္မတနိုင်ငံ။

**သက်ရောက်သည့်ဥပဒေ** – ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအာဏာပိုင်၏အခြားစည်းမျဉ်းများ သို့မဟုတ် သက်ဆိုင်ရာဈေးကွက်၏အခြားစည်းမျဉ်းများ နှင့် အခါအားလျော်စွာရှိသည့် တည်ဆဲဥပဒေများ၊စည်းကမ်းများနှင့် စည်းမျဉ်းများကိုဆိုလိုသည်။

**ဝန်ဆောင်မှု** – ATFX CopyTrade ၏ဝန်ဆောင်မှုတစ်ခုလုံးကို AT Global Markets LLCမှ ထိန်းသိမ်းသည်။ Copy trading ဝန်ဆောင်မှုကိုအသုံးပြုသည့်အခါ ကျွန်ုပ်တို့သည် လိုအပ်သကဲ့သို့ဖြစ်စေ အခြားနည်းလမ်းဖြင့်ဖြစ်စေ သင့်ထံရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဝန်ဆောင်မှုများကို ကျွန်ုပ်တို့မှမပေးအပ်ပါ: ကျွန်ုပ်တို့မှ သင့်အား လူကိုယ်တိုင်ဝင်ရောက်လုပ်ဆောင်စရာမလိုပဲ တစ်ခုထက်ပိုသောအော်ဒါများကို လုပ်ဆောင်ချက်-သီးသန့်ပုံစံဖြင့် လုပ်ဆောင်စေနိုင်ရန် ခွင့်ပြုသည့် လုပ်ဆောင်ချက်ကိုအသုံးချနိုင်ရန်ခွင့်ပြုပေးသည်။ သင်သည် ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်းဝန်ဆောင်မှုလိုအပ်ပါက ကျွန်ုပ်တို့မှ ၎င်းအား သင့်ကိုမပေးအပ်နိုင်ပါ။

**စွမ်းဆောင်ရည်ကြေး** – သည် လိုက်လံဆောင်ရွက်သူအကောင့်တွင် CopyTrade ဖြင့်ရရှိထားသော စုစုပေါင်းအမြတ်ရာခိုင်နှုန်းဖြစ်သည်။

**ATFX Copy Trading စနစ်** – ATFX မှပေးအပ်ပြီး ထိန်းသိမ်းသည့်စနစ်။

**ကူးယူခြင်း** – လိုက်လံဆောင်ရွက်သူမှ ပေးအပ်သူ၏ trade များအား ကူးယူစေနိုင်သည့် trading လုပ်ဆောင်ချက်။

**လိုက်လံဆောင်ရွက်သူ** – လိုက်လံဆောင်ရွက်သူကိုယ်စား လိုက်လံဆောင်ရွက်သူ၏အကောင့်အတွင်းရှိ အခြားလက်ရှိသုံးစွဲသူလုပ်ဆောင်သည့် trading လုပ်ဆောင်ချက်များကို လိုက်လံဆောင်ရွက်သူကိုယ်စား ATFX အားကူးယူရန် ခွင့်ပြုလိုက်သည့်တိုက်ရိုက်ရည်ရွယ်ချက်ကိုဖော်ပြသည့် ဝန်ဆောင်မှုသက်ရောက်သည့် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများ၏ လက်ရှိသုံးစွဲသူ။

**ပေးအပ်သူ** – လိုက်လံဆောင်ရွက်သူမှကူးယူရန် ရွေးချယ်ထားသည့် tradingလုပ်ဆောင်ချက်များဆောင်ရွက်သည့် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများ၏ လက်ရှိသုံးစွဲသူ။ ပေးအပ်သူ၏ trading လုပ်ဆောင်ချက်များကို ဝဘ်ဆိုဒ်မှတဆင့် ATFX CopyTrade မှလိုက်လံဆောင်ရွက်သူထံပြသသည်။

**Trading လုပ်ဆောင်ချက်များ** - လိုက်လံဆောင်ရွက်သူမှကူးယူရန် ရွေးချယ်ထားသည့် ပေးအပ်သူမှလုပ်ဆောင်သော ဝယ်ယူမှုများ၊ ဆုံးဖြတ်ချက်များ နှင့် အခြားလုပ်ဆောင်ချက်များ။

**ဝဘ်ဆိုဒ်** – atcopytrade.com

**အကောင့်** – ဝန်ဆောင်မှုကိုအသုံးပြုရန် လိုက်လံဆောင်ရွက်သူ သို့မဟုတ် ပေးအပ်သူ၏ သက်ဆိုင်ရာအကောင့်။

**ပါတီ/ပါတီများ** – လက်ရှိစည်းကမ်းများနှင့်သတ်မှတ်ချက်များ၏ သက်ဆိုင်ရာပါတီ သို့မဟုတ် သက်ဆိုင်ရာပါတီများအတူတကွ။

## 1. TRADE ၏ အမျိုးအစားခွဲခြားခြင်း

1.1 Copy trading ဝန်ဆောင်မှု (“ATFX CopyTrade” သို့မဟုတ် “CopyTrade”) သည် ငွေကြေးပစ္စည်းအများအပြားရှိ trade များဖြစ်စေနိုင်သည်။ CopyTrade လုပ်ဆောင်ချက်များ၏ တစ်စိတ်တစ်ပိုင်းအရ လိုက်လံဆောင်ရွက်သူကိုယ်စားဖွင့်ထားသည့် trade တစ်ခုစီတိုင်းအား ပုံမှန်အားဖြင့် ကူးယူထားသည့်အကောင့်တွင် အမျိုးအစားခွဲခြားထားသည့် တူညီသောပိုင်ဆိုင်မှုအမျိုးအစားအတိုင်း အမျိုးအစားခွဲသွားမည်ဖြစ်သည်။

1.2 သက်ဆိုင်ရာဥပဒေ သို့မဟုတ် အခြားအုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကြောင့် ပိုင်ဆိုင်မှုအမျိုးအစားတစ်ခု သို့မဟုတ် ထုတ်ကုန်တစ်ခုကို trade ပြုလုပ်ခြင်းမှ သင့်အားကန့်သတ်ထားပါက၊ လိုက်လံဆောင်ရွက်သူ၏ အကောင့်တွင် ကန့်သတ်ထားသော trade ကိုအစားထိုးသည့် တူညီသော သို့မဟုတ် အလားတူ trade ကိုဖွင့်စေရန် သက်ဆိုင်ရာဥပဒေမှခွင့်ပြုထားပြီး ကျွန်ုပ်တို့ဝန်ဆောင်မှုမှလုပ်ဆောင်စေနိုင်သည့် သင့်လျော်သောအဆင့်များကို လုပ်ဆောင်သွားမည် (ဥပမာ CFD trade တစ်ခုအား နောက်ခံထုတ်ကုန်ရှိ trade တစ်ခုဖြင့်အစားထိုးခြင်း)။ အကယ်၍ ကျွန်ုပ်တို့မှ လိုက်လံဆောင်ရွက်သူအတွက်အစားထိုးပါက အစားထိုး trade၏ အန္တရာယ်သတ်မှတ်ချက်နှင့် စီးပွားရေးစွမ်းဆောင်ရည်တို့သည် ကန့်သတ်ခံရသော trade၏

အဆိုပါအချက်များနှင့်တူညီမည်ဟု ကျွန်ုပ်တို့မှ အာမမခံနိုင်ပါ။

1.3 အကြောင်းအရင်းတစ်ခုခုကြောင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တူညီသော သို့မဟုတ် အလားတူ trade ကိုအစားမထိုးသည့်အခါ (ဥပမာ သက်ဆိုင်ရာဥပဒေကြောင့်ကန့်သတ်ချက် သို့မဟုတ် သင့်လျော်သောအစားထိုးစရာမရှိလျှင်) လိုက်လံဆောင်ရွက်သူ၏ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် စီးပွားရေးစွမ်းဆောင်ရည်၊ ရင်းနှီးမြှုပ်နှံမှုပါဝင်ချက်များ၊ အန္တရာယ်သတ်မှတ်ချက် နှင့် အခြားအချက်များသည် ကူးယူထားသည့် ATFX trader ရှိအချက်များနှင့် သွေဖည်နိုင်သည်။

## 2. တာဝန်ဝတ္တရားရှင်းလင်းချက်

2.1. ATFX နှင့် ၎င်း၏ဆက်စပ်ကုမ္ပဏီများသည် ဝန်ဆောင်မှု၊ ၎င်း၏ဆော့ဖ်ဝဲလ် သို့မဟုတ် အကြောင်းအရာကိုအသုံးပြုခြင်းကြောင့် လိုက်လံဆောင်ရွက်သူမှ ကြုံတွေ့ရသည့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ထူးခြားသော သို့မဟုတ် သက်ရောက်မှုရှိသော မည်သည့်ဆုံးရှုံးမှုမဆိုအတွက် တာဝန်မရှိပါ။ လိုက်လံဆောင်ရွက်သူမှလုပ်ဆောင်သည့် မည်သည့် trading လုပ်ဆောင်ချက်မဆို (ပေးအပ်သူရွေးချယ်ခြင်းအပါအဝင်) သည် အန္တရာယ်ကိုသိရှိလျက်ပြုလုပ်ထားခြင်းဖြစ်ပြီး မည်သည့်ပြင်ပအဖွဲ့အစည်းများအတွက် ဆုံးရှုံးမှု/ထိခိုက်မှုမဆို ဖြစ်ပေါ်ပါက လိုက်လံဆောင်ရွက်သူသည်သာလျှင်တာဝန်ရှိသည်။

2.2. ပေးအပ်သူသည် ဝန်ဆောင်မှု၊ ၎င်း၏ဆော့ဖ်ဝဲလ် သို့မဟုတ် အကြောင်းအရာကိုအသုံးပြုခြင်းကြောင့် လိုက်လံဆောင်ရွက်သူမှ ကြုံတွေ့ရသည့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ထူးခြားသော သို့မဟုတ် သက်ရောက်မှုရှိသော မည်သည့်ဆုံးရှုံးမှုမဆိုအတွက် တာဝန်မရှိပါ။ လိုက်လံဆောင်ရွက်သူမှလုပ်ဆောင်သည့် မည်သည့် trading လုပ်ဆောင်ချက်မဆို (ပေးအပ်သူရွေးချယ်ခြင်းအပါအဝင်) သည် အန္တရာယ်ကိုသိရှိလျက်ပြုလုပ်ထားခြင်းဖြစ်ပြီး မည်သည့်ပြင်ပအဖွဲ့အစည်းများအတွက် ဆုံးရှုံးမှု/ထိခိုက်မှုမဆို ဖြစ်ပေါ်ပါက လိုက်လံဆောင်ရွက်သူသည်သာလျှင်တာဝန်ရှိသည်။

2.3. လိုက်လံဆောင်ရွက်သူသည် ဝန်ဆောင်မှုသုံးစွဲမှုအတွင်း ကမ္ဘာ့အင်တာနက်၊ပေးအပ်သူနှင့် လိုက်လံဆောင်သူများအကြား ဒေတာထုတ်လွှတ်ခြင်းပါဝင်သည့် အိုင်တီဆော့ဖ်ဝဲလ် နှင့် ၎င်း၏တည်ဆောက်ပုံကြောင့် သဘာဝအတိုင်းဖြစ်ပေါ်သည့် ကူးယူမှုနှောင့်နှေးချက်များ ရှိနိုင်ကြောင်းလက်ခံသည်။ ၎င်းကဲ့သို့ နှောင့်နှေးမှုအတွင်း အထွေထွေ trading အခြေအနေသည်ပြောင်းလဲနိုင်ပြီး လိုက်လံဆောင်ရွက်သူအတွက် မရည်ရွယ်ထားသည့် ဆုံးရှုံးမှု သို့မဟုတ် အမြတ်ဖြစ်စေနိုင်ကြောင်း လိုက်လံဆောင်ရွက်သူမှလက်ခံသည်။ ဤအခြေအနေတွင် လိုက်လံဆောင်ရွက်သူသည် ATFX၊ ၎င်း၏ဆက်စပ်ကုမ္ပဏီများနှင့် ပေးအပ်သူတို့အား ခံစားရသည့်ဆုံးရှုံးမှုများ/ထိခိုက်မှုများနှင့်ဆက်စပ်သည့် မည်သည့်တောင်းဆိုမှုမဆိုအတွက် လျော်ကြေးပေးရန်မလိုအပ်စေပါ၊ အဓိပ္ပာယ်မှာ ATFX၊

ငင်း၏ဆက်စပ်ကုမ္ပဏီများနှင့်ပေးအပ်သူတို့သည် ကျသင့်သည့် ဆုံးရှုံးမှုများ/ထိခိုက်မှုများနှင့်ဆက်စပ်၍ မည်သည့်တာဝန်မှမရှိဟုဆိုလိုခြင်းဖြစ်သည်။

2.4 သက်ဆိုင်ရာဥပဒေအပေါ်မူတည်၍ AT Global Markets LLC သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများသည် အောက်ပါတို့မှထွက်ပေါ်လာသော ဆုံးရှုံးမှုများအတွက် တာဝန်မရှိပါ-

a) လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ၏ စာရေးထားသော သို့မဟုတ် နှုတ်ဖြင့်ပြောကြားသော ညွှန်ကြားချက်များကို ကျွန်ုပ်တို့မှဆောင်ရွက်ရန်လုပ်ဆောင်ခြင်း။

b) လိုက်လံဆောင်ရွက်သူမှကူးယူရန်ဆုံးဖြတ်ထားသော ပေးအပ်သူမှဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များဆောင်ရွက်ခြင်း။

c) CopyTrade မှဖြောင့်မတ်သောသဘောထားဖြင့် အချို့သော ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များကို ဆောင်ရွက်ခြင်း သို့မဟုတ် သို့ဝှက်ခြင်း။

d) ဝန်ဆောင်မှုများ နှင့်/သို့မဟုတ် လိုက်လံဆောင်ရွက်သူ နှင့်/သို့မဟုတ် ပေးအပ်သူ၏အကောင့်နှင့်ဆက်စပ်သည့် ဆော့ဖ်ဝဲလ်ကျရှုံးမှု၊စနစ် သို့မဟုတ် ဆက်သွယ်ရေးအမှား၊ ချို့ယွင်းမှုများ သို့မဟုတ် ဗိုင်းရပ်စ်များ။

## 3. အထွေထွေဖော်ပြချက်များ

3.1. ATFX ၏ အခြေအနေ

3.1.1. စည်းကမ်းများနှင့်သတ်မှတ်ချက်များအောက်ရှိ ATFX CopyTrade သည် သီးခြားပါတီတစ်ခုအနေဖြင့် လုပ်ဆောင်ပြီး လိုက်လံဆောင်ရွက်သူ နှင့်/သို့မဟုတ် ပေးအပ်သူမှခွဲဝေသည့်မည်သည့်အာဏာကိုမဆို အသုံးမပြုပါ သို့မဟုတ် မည်သည့်ပါတီ၏ ကြားခံ သို့မဟုတ် ခွင့်ပြုချက်ရကိုယ်စားလှယ်အဖြစ်မလုပ်ဆောင်ပါ။ ATFX CopyTrade သည် လိုက်လံဆောင်ရွက်သူ၏ အကျိုးကျေးဇူးများအတွက် နည်းပညာ၊ အသိပညာနှင့် အခြားဖြေရှင်းချက်များကိုပေါင်းစပ်သည့် ၎င်း၏ဉာဏဆိုင်ရာလုပ်ဆောင်မှု၏ရလဒ် အဖြစ်သာ ဝန်ဆောင်မှုကို သီးသန့်ပေးစွမ်းသည်။

3.1.2. ATFX CopyTrade သည် ပေးအပ်သူ၏အမှန်ကန်ဆုံးနောက်ခံအချက်အလက် ကောက်ယူရန်အတွက် ပေးအပ်သူအပေါ် လိုအပ်ပြီးသင့်လျော်သောနောက်ခံစစ်ဆေးမှုများကို လုပ်ဆောင်ထားပြီးကြောင်း အာမခံပြီး ဝဘ်ဆိုဒ်အတွင်းဖော်ပြထားသည့် လိုက်လံဆောင်ရွက်သူအတွက် အချက်အလက်တွင် ATFX CopyTrade နှင့်ရင်းနှီးသော ပေးအပ်သူ၏ trade မှတ်တမ်းပါဝင်ကြောင်းလည်းသေချာစေသည်။

3.1.3. ATFX CopyTrade သည် ၎င်းအနေဖြင့် လိုက်လံဆောင်ရွက်သူမှ trading

လုပ်ဆောင်ချက်များကူးယူရန် ဆုံးဖြတ်သည့် ပေးအပ်သူ၏အချက်အလက် သို့မဟုတ် ပေးအပ်သူ၏အခြားအချက်အလက်များကို ပြန်လည်မစီစဉ်ထားကြောင်း သို့မဟုတ် မပြင်ဆင်ထားကြောင်း အာမခံသည်။

3.1.4. ATFX CopyTrade သည် ATFX နှင့် သက်ရောက်ပါက ၎င်း၏ဆက်စပ်ကုမ္ပဏီများ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုမူဝါဒအတိုင်း လိုက်လံဆောင်ရွက်သူ နှင့်/သို့မဟုတ် ပေးအပ်သူအတွက် သို့ဝှက်မှုဆိုင်ရာမြင့်မားသည့်စံနှုန်းများကိုထိန်းသိမ်းရန်အာမခံသည်။

3.1.5. လိုက်လံဆောင်ရွက်သူသည် ATFX CopyTrade အား ၎င်းအနေဖြင့် ဝန်ဆောင်မှုကိုအသုံးပြုရန်လိုအပ်သော သင့်လျော်သည့် နည်းပညာနှင့်အဖွဲ့အစည်းဆိုင်ရာ အခြေအနေများကို စီစဉ်ရန် အခွင့်အာဏာပေးထားသည်။

3.1.6. ၎င်းတို့အားဖြင့် လိုက်လံဆောင်ရွက်သူနှင့်ပေးအပ်သူတို့သည် ဝန်ဆောင်မှုကိုသုံးစွဲမှုတွင်ပါဝင်သောနှင့် သက်ဆိုင်သော အမည်များ၊ ဂရပ်ဖစ်များ၊ ပုံများ၊ စာသားများ နှင့်အခြားအကြောင်းအရာများ၊ ပေးအပ်သူ သို့မဟုတ် လိုက်လံဆောင်ရွက်သူမှ အင်တာနက်ပေါ်ရှိ အကောင်းဆုံးလုပ်ဆောင်မှုအမူအကျင့်များကို ချိုးဖောက်ခြင်း သို့မဟုတ် မလိုက်နာခြင်း သို့မဟုတ် ကျင့်ဝတ်မရှိစွာလုပ်ဆောင်ခြင်း၊ အထူးသဖြင့် ၎င်းကဲ့သို့လုပ်ဆောင်ချက်များသည် ပြင်ပပါတီများ၏ ဥပဒေအခွင့်အရေးများကို ထိခိုက်လျှင် သို့မဟုတ် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများထံ ဂုဏ်သတင်းဆိုင်ရာထိခိုက်မှုဖြစ်စေနိုင်လျှင် ATFX CopyTrade ၏ ATFX နှင့် ၎င်း၏ဆက်စပ်ကုမ္ပဏီများရှိ ပေးအပ်သူနှင့်လိုက်လံဆောင်ရွက်သူတို့၏ အကောင့်များကို စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှုလုပ်နိုင်စွမ်းဖြစ်စေသည့် ATFX CopyTrade ၏ သီးသန့်အခြေအနေနှင့်အခွင့်အရေးများကို အသိအမှတ်ပြုသည်။

3.2. လိုက်လံဆောင်ရွက်သူ၏အခြေအနေ

3.2.1. လိုက်လံဆောင်ရွက်သူသည် ၎င်း၏ကိုယ်ပိုင် trading လုပ်ဆောင်ချက်များကို ကိုယ်တိုင်မလုပ်ဆောင်ပါ။ ၎င်းအစား လိုက်လံဆောင်ရွက်သူသည် ပေးအပ်သူ၏ trading လုပ်ဆောင်ချက်များကို ကူးယူသည်။

3.2.2. လိုက်လံဆောင်ရွက်သူသည် ပေးအပ်သူ၏စွမ်းဆောင်ရည်ဒေတာအပေါ်မူတည်၍ ပေးအပ်သူအား ကိုယ်ပိုင်ဆုံးဖြတ်ချက် နှင့် တစ်ဦးတည်းရွေးချယ်နိုင်သည်။ လိုက်လံဆောင်ရွက်သူသည် ပေးအပ်သူတစ်ဦး၏ ဝန်ဆောင်မှုများကိုမရယူခင် ပြည့်စုံစွာသုံးသပ်ပြီး သင့်လျော်သည့်နောက်ခံစစ်ဆေးမှုကိုလုပ်ဆောင်ရန် ၎င်း၏တာဝန်ဖြစ်ကြောင်းနားလည်သည်။ လိုက်လံဆောင်ရွက်သူသည် ဤ စည်းကမ်းများနှင့်သတ်မှတ်ချက်များကို မလက်ခံခင် ပေးအပ်သူ၏စာရင်းသွင်းမှု၊ ခွင့်ပြုချက်များ၊ ဥပဒေဆိုင်ရာလိုအပ်ချက်များ၊ စွမ်းဆောင်ရည် နှင့် သင့်လျော်မှုတို့ကို ဖတ်ရှုပြီးဖြစ်သည်။

3.2.3. လိုက်လံဆောင်ရွက်သူသည် ဝန်ဆောင်မှုအား ရင်းနှီးမြှုပ်နှံမှုအကြံပေးချက်အဖြစ် မစဉ်းစားရပါ။ ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများသည် မည်သည့်ပေးအပ်သူ(များ)ကိုမှ အကြံမပေးပါ သို့မဟုတ် မရည်ညွှန်းပါ၊ ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများသည် အကောင့်အတွင်းရှိ ပေးအပ်သူ၏နောက်ခံစွမ်းဆောင်ရည်၊ trading လုပ်ဆောင်မှုများကို မကြီးကြပ်သော်လည်း ATFX CopyTrade သည် ခန့်မှန်းချက်များနှင့်နှိုင်းယှဉ်၍ ပေးအပ်သူ၏စွမ်းဆောင်ရည်ကိုစောင့်ကြည့်ရန် ကြိုးပမ်းမည်ဖြစ်သည်။

3.2.4. လိုက်လံဆောင်ရွက်သူသည် ပေးအပ်သူအနေဖြင့် ခွင့်ပြုချက်မရှိခြင်း သို့မဟုတ် စာရင်းသွင်းထားခြင်းမရှိခြင်းဖြစ်နိုင်ပြီး မည်သည့် ဥပဒေ သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ကမှ ကြီးကြပ်ခြင်း၊ သုံးသပ်ခြင်း သို့မဟုတ် စောင့်ကြည့်ခြင်းမရှိနိုင်ကြောင်း နားလည်သည်။ အကယ်၍ ပေးအပ်သူအား ခွင့်ပြုထားပါက သို့မဟုတ် စာရင်းသွင်းထားပါက လိုက်လံဆောင်ရွက်သူသည် ပေးအပ်သူလိုက်နာရမည့်စည်းမျဉ်းများသည် လိုက်လံဆောင်ရွက်သူ၏အုပ်ချုပ်ရေးနေရာရှိ စည်းမျဉ်းများနှင့် ကွာခြားနိုင်ကြောင်း နားလည်သည်။

3.2.5. လိုက်လံဆောင်ရွက်သူသည် ATFX သို့မဟုတ် မည်သည့် ATFXဆက်စပ်ကုမ္ပဏီမဆို၏ တိုက်ရိုက်သုံးစွဲသူမည်သူမဆိုမှ ဆင်ဂနယ်ပေးခြင်း သို့မဟုတ် မပေးခြင်းလုပ်နိုင်ကြောင်း နားလည်သည်။ လိုက်လံဆောင်ရွက်သူ၏ trading လုပ်ဆောင်ချက်များသည် ပေးအပ်သူ၏ ဝန်ဆောင်မှုအသုံးပြုမှုနှင့် လုပ်ဆောင်မှုများမည်သို့ရှိသည်ဖြစ်စေ လိုက်လံဆောင်ရွက်သူ trade ပြုလုပ်သည့် ကုမ္ပဏီ၏ ဥပဒေစာတမ်းရှိ ဖော်ပြချက်များအောက်တွင် အကျုံးဝင်သည်။

3.2.6. လိုက်လံဆောင်ရွက်သူသည် လိုက်လံဆောင်ရွက်သူ၏ ကိုယ်ရေးကိုယ်တာဒေတာ လုပ်ဆောင်ခြင်းအတွက် ခွင့်ပြုချက်ပေးပါက လိုက်လံဆောင်ရွက်သူ၏ကိုယ်ရေးကိုယ်တာဒေတာများကို အများပြည်သူထံဖော်ပြပြီး သိရှိအောင်ပြုလုပ်နိုင်သည်။ လိုက်လံဆောင်ရွက်သူမှ ATFX နှင့် ၎င်း၏ဆက်စပ်ကုမ္ပဏီများမှ အကောင့်အတွင်း သတ်မှတ်ထားသော အချို့သော လိုအပ်ချက်များကို ပြည့်မီသည့်အခါ ၎င်းကဲ့သို့ခွင့်ပြုချက်ကိုရရှိနိုင်သည်။

3.3. ပေးအပ်သူ၏အခြေအနေ

3.3.1. ပေးအပ်သူသည် ATFX CopyTrade ၏သက်ဆိုင်ရာဝန်ဆောင်မှုကိုအသုံးပြုပြီး လိုက်လံဆောင်ရွက်သူများမှ စာရင်းသွင်းပြီးကူးယူခြင်းကိုလက်ခံသည့် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများ(သက်ရောက်ပါက)၏သုံးစွဲသူဖြစ်သည်။

3.3.2. ပေးအပ်သူသည် ရင်းနှီးမြှုပ်နှံမှုအကြံပေးချက်ဝန်ဆောင်မှုမပေးပါ၊ ပြီးနောက် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများ(သက်ရောက်မှုရှိပါက)မှ အလုပ်ခန့်အပ်ထားခြင်းမရှိပါ။ ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများမှ ပေးအပ်သူအား ရင်းနှီးမြှုပ်နှံမှုအကြံပေးသူအဖြစ် မည်သည့်တရားဥပဒေအရဆက်စပ်မှုများမရေးထိုးထားပါ။

3.3.3. ပေးအပ်သူသည် ATFX နှင့် ၎င်း၏ဆက်စပ်ကုမ္ပဏီများ(သက်ရောက်ပါက) ၏ကိုယ်ရေးကိုယ်တာလုံခြုံမှုမူဝါဒအား တရားဥပဒေအရချည်နှောင်ကြောင်းလက်ခံပြီး ပေးအပ်သူ၏ကိုယ်ရေးကိုယ်တာဒေတာအားလုပ်ဆောင်ရန် ATFX ကိုခွင့်ပြုသည် – အထူးသဖြင့် ဝန်ဆောင်မှုပေးအပ်ခြင်းရည်ရွယ်ချက်များအတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များနှင့် ယခင်ရင်းနှီးမြှုပ်နှံမှုမှတ်တမ်းများဖြစ်သည်။

3.3.4. ပေးအပ်သူသည် ATFX အား လိုက်လံဆောင်ရွက်သူဖြစ်လာနိုင်သူများထံ ၎င်း၏trading မှတ်တမ်းကိုပြသရန် ခွင့်ပြုသည်။

3.3.5. စည်းကမ်းများနှင့်သတ်မှတ်ချက်များအရ နှင့် ပေးအပ်သူ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ပေးအပ်သူသည် ၎င်း၏ tradingလုပ်ဆောင်ချက်များကို လိုက်လံဆောင်ရွက်သူများမှ ကြည့်ရှုနိုင်ခြင်း၊ စာရင်းသွင်းနိုင်ခြင်း သို့မဟုတ် လိုက်၍ဆောင်ရွက်နိုင်ခြင်း ရှိ၊မရှိ ဆုံးဖြတ်နိုင်သည်။ ဤအခြေအနေတွင် ပေးအပ်သူမှ ပေးအပ်သူအကောင့်ကို ဖွင့်လိုက်ပါက ပေးအပ်သူ၏ ယခင်လုပ်ဆောင်ထားသော trading လုပ်ဆောင်ချက်များမှတ်တမ်း အပါအဝင်ဖြစ်သည့် ၎င်း၏စွမ်းဆောင်ရည်ဒေတာသည် အများထံရရှိမည်ဖြစ်ပြီး လိုက်လံဆောင်ရွက်နိုင်သူများအပါအဝင် ပြင်ပပါတီတိုင်းအတွက် ရရှိနိုင်မည်ဖြစ်ကြောင်း ပေးအပ်သူမှချက်ချင်းအသိအမှတ်ပြုသည် (ပေးအပ်သူ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်လုပ်ဆောင်ခြင်း အတွက်ခွင့်ပြုခြင်း)။

3.3.6. ပေးအပ်သူသည် အများပြည်သူထံတွင် ပေးအပ်သူ၏အခြေအနေကို မြှင့်တင်ရမည်ဖြစ်ပြီး လိုက်လံဆောင်ရွက်သူအရေအတွက်စုစုပေါင်း နှင့် အခြားပေးအပ်သူများ၏စွမ်းဆောင်ရည် အချက်အလက်ကို ပြသမည်။

3.3.7. ပေးအပ်သူသည် အကောင်းဆုံးအားထုတ်ကြိုးပမ်းမှုဖြင့် စည်းကမ်းများနှင့်သတ်မှတ်ချက်များ မူဘောင်အတွင်းရှိ ၎င်း၏လုပ်ဆောင်ချက်များအပေါ် တိုက်ရိုက်မူတည်နေသော လိုက်လံဆောင်ရွက်သူများ၏ အကျိုးစီးပွားကိုကာကွယ်ရန် ဖြောင့်မတ်မှန်ကန်စွာ အမြဲလုပ်ဆောင်ရမည်။

## 4. ဘက်စုံဝန်ဆောင်မှုဖော်ပြချက်

4.1. ပေးအပ်သူသည် ၎င်း၏ ကိုယ်ပိုင်အကန့်အသတ်မရှိသောစိတ်ဖြင့် လုပ်ဆောင်ပြီး ၎င်းသည်

ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် မည်သည့် trading လုပ်ဆောင်ချက်များကိုလုပ်ဆောင်ရန် ဆုံးဖြတ်နိုင်သည်။ လိုက်လံဆောင်ရွက်သူတွင် လာမည့်tradingလုပ်ဆောင်ချက်များအပေါ် ပေးအပ်သူ၏ဆုံးဖြတ်ချက်များအား သက်ရောက်နိုင်သည့်အခွင့်အရေးမရှိပါ။ ဤသို့အားဖြင့် လိုက်လံဆောင်ရွက်သူနှင့် ပေးအပ်သူအကြားတွင် မည်သည့်ဥပဒေရေးရာဆက်စပ်မှုမရှိကြောင်း သေချာစေသည်။

4.2. ပေးအပ်သူတွင် မည်သည့်လိုက်လံဆောင်ရွက်သူအကောင့်ကိုမှ စောင့်ကြည့်ရန်အခွင့်အရေးမရှိပါ။

4.3 လိုက်လံဆောင်ရွက်သူသည် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်အဖွဲ့အစည်းများ (သက်ရောက်ပါက)၏ အသုံးပြုသူဖြစ်လာသည်နှင့်အမျှ လိုက်လံဆောင်ရွက်သူ၏ ငွေကြေးပစ္စည်းများအား trading ပြုလုပ်ခြင်းအတွက် စီးပွားရေး၏စည်းကမ်းများ၊ အန္တရာယ်ထုတ်ဖော်မှုမူဝါဒ ၊အော်ဒါလုပ်ဆောင်ခြင်း မူဝါဒတို့နှင့် ရင်းနှီးပြီးဖြစ်ကြောင်း သိရှိသည်။

4.4 လိုက်လံဆောင်ရွက်သူသည် ဝန်ဆောင်မှုသုံးစွဲစဉ်ကာလအတွင်း trading လုပ်ဆောင်မှုများအား စာရင်းသွင်းခြင်းနှင့်ကူးယူခြင်းအပေါ် ထိန်းချုပ်မှုရှိရန် ATFC CopyTrade မှပေးအပ်ထားသည့် တူးလ်များအားသုံးစွဲသည်။

4.5 လိုက်လံဆောင်ရွက်သူသည် trade လုပ်ဆောင်ခြင်းများအတွက် ပမာဏ၊ trade များဖွင့်ခြင်း၊ ပိတ်ခြင်းတို့ကို ဆုံးဖြတ်သည့် “စာရင်းသွင်းခြင်း”၊ “အမြင့်ဆုံးဖွင့်ထားသည့်ပမာဏ” နှင့် “အန္တရာယ်စီမံခန့်ခွဲမှု”များအတွက် ၎င်းကိုယ်ပိုင် ကန့်သတ်ချက်များထားရှိနိုင်သည့်အခွင့်အရေးရှိသည်။

4.6 အပိုင်း 4.1 မှ 4.4 ရှိဖော်ပြချက်များ၏ အထွေထွေသက်ရောက်ချက်များအပေါ် ကြိုတင်ဆုံးဖြတ်ထားခြင်းမရှိပဲ လိုက်လံဆောင်ရွက်သူသည် အောက်ပါလုပ်ဆောင်ချက်များကို ၎င်းကိုယ်စားလုပ်ဆောင်ရန် အာဏာအပြည့်အဝနှင့်ကိုယ်ပိုင်ဆုံးဖြတ်ချက်တို့ကို ပေးစွမ်းသည် (ထို့အပြင် လိုက်လံဆောင်ရွက်သူထံ ထပ်ဆောင်းရည်ညွှန်းချက်မရှိပဲ)၊

4.6.1. လိုက်လံဆောင်ရွက်သူအတွက် သင့်လျော်သလို ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအကောင့်တွင် trade များဖွင့်ရန် နှင့် ပိတ်ရန်၊

4.6.2. ငွေကြေးပစ္စည်းများ (CFD များအပါအဝင်)ကို မည်သည့်ပုံစံဖြင့်မဆို ဝယ်ယူရန် (သို့မဟုတ် ရယူရန်)၊ ရောင်းချရန် (သို့မဟုတ် ဖယ်ရှားရန်)၊ထိန်းသိမ်းရန်၊ လဲလှယ်ရန် သို့မဟုတ် trade ပြုလုပ်ရန်၊

4.6.3. ခြားနားချက်အတွက်စာချုပ်များကို လက်မှတ်ထိုးရန်၊ အခြားရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်း သို့မဟုတ် ဘဏ်နှင့် လွှဲပြောင်းခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းအတွက် ငွေကြေးသတ်မှတ်ချက်များ နှင့် အော်ဒါများတင်ရန်။

4.7. လိုက်လံဆောင်ရွက်သူမှ စာရင်းသွင်းမှုတွင်သဘောတူထားသည့် ပေးအပ်သူမှသတ်မှတ်ထားသော အမြတ်-

ခွဲဝေရေးစည်းမျဉ်းများအတိုင်း စာရင်းသွင်းမှုကာလအတွင်း ကူးယူထားသည့်ဖွင့်ထားသော trade တစ်ခုချင်းစီအတွက် လိုက်လံဆောင်ရွက်သူအား စွမ်းဆောင်ရည်ကြေးများကောက်ခံမည်ဖြစ်သည်။ သင့်လျော်ပြီး မှန်ကန်သောအခြေအနေများဖြစ်ပေါ်ပါက မည်သည့်အချိန်တွင်မဆို ၎င်းကဲ့သို့စည်းမျဉ်းများအပေါ် ပြင်ဆင်ချက်များထည့်သွင်းနိုင်သည့် အခွင့်အရေး ATFX တွင်ရှိသည်။

4.8. ဝဘ်ဆိုဒ်တွင်ဖော်ပြထားသည့်အချက်အလက်အတိုင်း ပေးအပ်သူသည် အပိုင်း 4.9 နှင့် 4.10 တို့တွင်ဖော်ပြထားသည့် စုစုပေါင်းငွေကြေးများအတိုင်း ATFX ထံမှ ငွေကြေးရရှိမည်ဖြစ်သည်။

4.9. နောက်ဆုံးအမြတ်တွက်ချက်ခြင်း("ရေအမြင့်မှတ်")မှ စုစည်းထားသောစုစုပေါင်းအမြတ်သည် အပေါင်းလက္ခဏာဖြစ်ပါက (မည်သည့်လဲလှယ်မှု၊ ထပ်ဆောင်းကော်မရှင်များ နှင့် အမြတ်များနုတ်ပြီးနောက်) လိုက်လံဆောင်ရွက်သူသည် စွမ်းဆောင်ရည်ကြေးများပေးရန် သဘောတူသည်။

4.10. အကယ်၍ နောက်ဆုံးအမြတ်တွက်ချက်ခြင်းမှ စုစည်းထားသောစုစုပေါင်းအမြတ်သည် အနုတ်ဖြစ်ပါက စုစည်းထားသော စုစုပေါင်းအမြတ် အပေါင်းမဖြစ်မချင်း လိုက်လံဆောင်ရွက်သူသည်မည်သည့်အမြတ်မှ ပေးရန်မလိုအပ်ပါ။

4.11. Trading ရက်သတ္တပတ်ပိတ်ရက်တစ်ခုချင်းစီ၏ ရုံးဖွင့်ရက်တစ်ရက်အတွင်း လိုက်လံဆောင်ရွက်သူ၏ ပေးအပ်သူအား ငွေပေးချေရန်ရည်ရွယ်ချက်အတွက် သဘောတူညီထားသော စွမ်းဆောင်ရည်ကြေးများကို သတ်မှတ်ထားသည့်အကောင့်နံပါတ်မှတိုက်ရိုက် တွက်ချက်ပြီး နုတ်ယူရန် ATFX အားခွင့်ပြုကြောင်း လိုက်လံဆောင်ရွက်သူမှ နားလည်ပြီး အတည်ပြုသည်။

4.12. စာရင်းသွင်းခြင်းကို trading အပတ်အတွင်းပယ်ဖျက်ပါက လက်ရှိtrading အပတ်၏ပိတ်ရက်မတိုင်ခင်အထိ စွမ်းဆောင်ရည်ကြေးတွက်ချက်ခြင်းများကို ဆောင်ရွက်ဆဲဖြစ်မည်ဖြစ်ကြောင်း ပေးအပ်သူနှင့် လိုက်လံဆောင်ရွက်သူတို့မှ နားလည်သဘောပေါက်သည်။ ၎င်းအကြောင်းအရင်းအတွက် အကောင့်များအကြား ငွေကြေးလွှဲပြောင်းခြင်းနှောင့်နှေးမှုများ သို့မဟုတ် ငွေထုတ်တောင်းဆိုချက်များအတွက် အချိန်မကိုက်ညီသည့် လုပ်ဆောင်မှုများကို လိုက်လံဆောင်ရွက်သူမှ လက်ခံသည်။

4.13. အခကြေးငွေများနုတ်ယူရာတွင် ကျရှုံးမှုဖြစ်စေသည့် ထုတ်ယူမှု နှင့် လွှဲပြောင်းမှုများကို လိုက်လံဆောင်ရွက်သူအကောင့်မှ ပြုလုပ်ပါက ATFX နှင့် ၎င်း၏ဆက်စပ်အဖွဲ့အစည်းများ(သက်ဆိုင်ပါက)တွင် မည်သည့်တာဝန်မှမရှိပါ။

4.14. အခကြေးငွေများနုတ်ယူခြင်း သို့မဟုတ် စာရင်းသွင်းမှုရပ်ဆိုင်းခြင်းပြီးနောက်တွင် trade များ သို့မဟုတ် သက်ဆိုင်ရာ trading လုပ်ဆောင်ချက်များ အတင်းကုန်ဆုံးသွားခြင်းဖြစ်ပါက ATFX တွင် မည်သည့်တာဝန်မှမရှိပါ။

## 5. ပါတီများအတွက် ကန့်သတ်ချက်များ

5.1. ပေးအပ်သူ၏ လိုက်လံဆောင်ရွက်သူမှ လိုက်လံဆောင်ရွက်သည့်အခြေအနေလုံးဝမရှိတော့သည်အထိ အပိုဒ် 3.3.5 တွင်ဖော်ပြထားသည့် ပြောင်းလဲမှုများကိုပြုလုပ်ရန် ပေးအပ်သူအား ခွင့်မပြုခြင်းဖြစ်နိုင်သည်။

5.2. ATFX CopyTrade မှလုပ်ဆောင်သည့် နောက်ခံစစ်ဆေးခြင်းလုပ်ငန်းစဉ်သည် သတ်မှတ်ထားသောလိုအပ်ချက်များနှင့်မူဝါဒများကို ပါတီတစ်ဖက်ဖက်မှ ပြည့်မှီသည့်အခါ စတင်နိုင်ကြောင်း ပါတီများမှ အသိအမှတ်ပြုသည်။ ATFX CopyTrade မှ ဤလုပ်ငန်းစဉ်အား ပါတီတစ်ခုခုအတွက် သက်ရောက်စေပါက ပါတီများမှ၎င်းကိုလုပ်ဆောင်ရန် တာဝန်ရှိသည်။ ဤကဲ့သို့လိုအပ်ချက်များနှင့်မူဝါဒများကို လိုက်နာရန် ပျက်ကွက်ပါက ပါတီများ၏ အခွင့်အရေးများကို ယာယီရပ်တန့်ထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းဖြစ်နိုင်သည်။

5.3. ပါတီတစ်ခုမှ စာရင်းသွင်းခြင်းကို တစ်ဖက်တည်းသဘောအရပယ်ဖျက်နိုင်သည်၊ ၎င်းသို့ဖြစ်လျှင် (က) လာမည့် trading လုပ်ဆောင်ချက်များအား လိုက်လံဆောင်ရွက်သူများမှ ကူးယူရန်မရနိုင်တော့ခြင်း၊ (ခ)လာမည့်tradingလုပ်ဆောင်ချက်များသည် လိုက်လံဆောင်ရွက်သူအကောင့်ထံမသက်ရောက်ခြင်းဖြစ်မည်။

5.4 သင့်လျော်ပြီးမှန်ကန်သည့်အခြေအနေများဖြစ်ပေါ်ပါက စာရင်းသွင်းခြင်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်ရန် ATFX ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်နိုင်သည့် အခွင့်အရေးရှိသည်။

5.5 သင့်လျော်ပြီးမှန်ကန်သည့် အခြေအနေများဖြစ်ပေါ်ပါက အခကြေးငွေ၊ ပရိုဖိုင်းနှင့် လိုက်လံဆောင်ရွက်သူများအတွက် ပေးအပ်သူ၏အခြေအနေတို့ကို ဖိနှိပ်ရန် သို့မဟုတ် ပြင်ဆင်ရန် ATFX ၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်နိုင်သည့်အခွင့်အရေးရှိသည်။

## 6. ပါတီများ၏ တာဝန်ဝတ္တရားများနှင့်အခွင့်အရေးများ

6.1. လိုက်လံဆောင်ရွက်သူနှင့် ပေးအပ်သူတို့သည် အောက်ပါတို့ကို သဘောတူညီသည်:

6.1.1. ငွေကြေး၊ အခွန် နှင့် ဝန်ဆောင်မှုအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်သည့် စီးပွားရေးလုပ်ရှားမှုအတွက် တာဝန်အပြည့်အဝအပါအဝင် နေထိုင်ရာနိုင်ငံ၏အခြားဥပဒေဆိုင်ရာကိစ္စများတို့အပြင် အခြားအရာများပါဝင်သည့် ဥပဒေလိုက်နာခြင်းအတွက် တာဝန်များအားလုံးကိုလုပ်ဆောင်ခြင်း။

6.1.2. ATFX CopyTrade အတွက် မှန်ကန်ပြီးတိကျသော ဒေတာကိုပေးအပ်ခြင်း။

6.1.3. စည်းကမ်းများနှင့်သတ်မှတ်ချက်များ၏အဓိပ္ပာယ်ကို နားလည်သဘောပေါက်ခြင်း။

6.1.4. ၎င်းတို့လုပ်ဆောင်ချက်များ၏ နောက်ဆက်တွဲများကို အပြည့်အဝနားလည်နားလည်ခြင်း။

6.2. ပါတီများမှ မည်သို့ပင်ဖြစ်စေ ၎င်းတို့အနေဖြင့် အရက် သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲပြီးနောက် လုပ်ဆောင်ခြင်းရှိမည်မဟုတ်ကြောင်း အတည်ပြုသည်။ ပါတီများသည် ၎င်းတို့၏လုပ်ဆောင်ချက်ကို နားလည်ရမည်ဖြစ်ပြီး စီမံခန့်ခွဲရမည်။

6.3. လိုက်လံဆောင်ရွက်သူ နှင့် ပေးအပ်သူတို့သည် အောက်ပါတို့ကို မလုပ်ဆောင်ကြောင်း သဘောတူညီသည်:

6.3.1. ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများကိုယ်စား မည်သည့်တာဝန်များ သို့မဟုတ် အခွင့်အရေးများယူခြင်း၊

6.3.2. ကိုယ်ရေးကိုယ်တာရည်ရွယ်ချက်များအတွက် ATFX သို့မဟုတ် ATFX ကုန်အမှတ်တံဆိပ်များကို အသုံးပြုခြင်း၊

6.3.3. ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများကိုယ်စား သို့မဟုတ် ATFX သို့မဟုတ် ATFX CopyTrade ၏ အမှတ်တံဆိပ်အမည် နှင့်/သို့မဟုတ် ကုန်ပစ္စည်းအမှတ်တံဆိပ်တို့ကိုအသုံးပြု၍ ငွေပေးချေမှုများနှင့်ဆက်စပ်သည့် အာမခံချက်များ သို့မဟုတ် တောင်းဆိုမှုများလုပ်ခြင်း၊ သို့မဟုတ်

6.3.4. ATFX သို့မဟုတ် ၎င်း၏ ဆက်စပ်ကုမ္ပဏီများထံ မည်သည့်ထိခိုက်မှုမဆိုဖြစ်စေသည့် သို့မဟုတ် ပြင်ပအဖွဲ့အစည်းများထံမှ ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများထံ မကျေနပ်ချက်များဖြစ်စေသည့် အခြားလုပ်ဆောင်ချက်များပြုလုပ်ခြင်း။

6.4. စည်းကမ်းများနှင့်သတ်မှတ်ချက်များအား လိုက်လံဆောင်ရွက်သူ နှင့်/သို့မဟုတ် ပေးအပ်သူ၏ လိုက်နာရန်ပျက်ကွက်မှုကြောင့် ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများထံ တရားစွဲဆိုခြင်းများ ဖြစ်ပေါ်ပါက၊ ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများမှခံစားရသည့် ဆုံးရှုံးမှုအားလုံးကို သက်ဆိုင်ရာပါတီမှ အပြည့်အဝလျော်ကြေးပေးရမည်။

## 7. ငွေကြေးအပ်ခြင်း / ထုတ်ယူခြင်းဆိုင်ရာ အထွေထွေအခြေခံမှုများ

7.1. လိုက်လံဆောင်ရွက်သူ၏ ငွေကြေးအပ်ခြင်း/ထုတ်ယူခြင်းနှင့်ဆက်စပ်သည့် ငွေကြေးလွှဲပြောင်းမှုအားလုံးသည် ဝဘ်ဆိုဒ်ပေါ်တွင်ဖော်ပြထားသည့် ATFX CopyTrade ၏ ညွှန်ပြချက်များအတိုင်းလုပ်ဆောင်ရမည်။

7.2. စည်းကမ်းချက်များနှင့်သတ်မှတ်ချက်များ၏ အပိုဒ် 7.1 အပြင် ငွေကြေးအပ်ခြင်း/ထုတ်ယူခြင်းလုပ်ငန်းစဉ်အား အခြားဥပဒေစာတမ်းများ/ဝန်ဆောင်မှုဖော်ပြချက်များနှင့် ဝဘ်ဆိုဒ်ရှိအခြားသင့်လျော်သည့်အချက်အလက်ရှိ ATFX နှင့် သက်ရောက်ပါက၊ ၎င်း၏ဆက်စပ်ကုမ္ပဏီများ၏လုပ်ထုံးလုပ်နည်းများအတိုင်းစီစဉ်မည်ဖြစ်သည်။

ATFX CopyTrade

## 8. လိုက်လံဆောင်ရွက်သူအနေဖြင့် အော်ဒါတစ်ခုတင်ခြင်း

8.1. လိုက်လံဆောင်ရွက်သူမှ CopyTrade ဝန်ဆောင်မှုသို့မဝင်ရောက်ခင် လိုက်လံဆောင်ရွက်သူသည် copytrade အတွက်အသုံးပြုလိုသည့် ငွေကြေးပမာဏကို ခွဲဝေရန်လိုအပ်သည်။ ကူးယူထားသည့်အကောင့်တွင် အသုံးပြုသည့်အတိုင်း သို့မဟုတ် trading အကောင့်ဆက်တင်တွင် လိုက်လံဆောင်ရွက်သူမှ သတ်မှတ်သည့်အတိုင်း တူညီသောအချိုးအစားဖြင့် လွှဲပြောင်းမှုများတွင် ၎င်းပမာဏကို လုပ်ဆောင်မည်ဖြစ်သည်။

8.2. ပြီးနောက်တွင် ကျွန်ုပ်တို့သည် လိုက်လံဆောင်ရွက်သူအတွက် အော်ဒါကို အလိုအလျောက်လုပ်ဆောင်မည်ဖြစ်သည်၊ ဆိုလိုသည်မှာ ကျွန်ုပ်တို့မှ ဤသည်ကိုမလုပ်ဆောင်ခင် လိုက်လံဆောင်ရွက်သူ၏ အတည်ပြုချက်ကို မရယူခြင်းဖြစ်သည်။ ၎င်းကဲ့သို့လွှဲပြောင်းမှုများကိုဖွင့်ခြင်းသည် ကြိုတင်တိုင်ပင်ဆွေးနွေးခြင်း၊ သဘောထား သို့မဟုတ် ခွင့်ပြုချက်မလိုအပ်ပါ။ အနည်းဆုံးtrade ပမာဏအောက်ရှိ trade များကို ဖွင့်သွားမည်မဟုတ်ပါ။

8.3. လိုက်လံဆောင်ရွက်သူမှ ကျွန်ုပ်တို့၏ CopyTrade ဝန်ဆောင်မှုကို အသုံးပြုနေသည့်အခါ ကျွန်ုပ်တို့သည် ပေးအပ်သူ၏အကောင့်ကိုသာ ကူးယူမည်ဖြစ်သည်။ ဤအချက်သည် ကျွန်ုပ်တို့မှ ဤအချိန်မတိုင်မီ ပေးအပ်သူ၏အကောင့်ရှိ မည်သည့် trade ကိုမှ ကူးယူမည်မဟုတ်ကြောင်း ဆိုလိုသည်။

8.4. Copy trading ဝန်ဆောင်မှုတွင် အခါအားလျော်စွာ လိုက်လံဆောင်ရွက်သူ သို့မဟုတ် ပေးအပ်သူထံ အသုံးပြုနိုင်ရန် ရရှိစေမည့် အခြားလုပ်ဆောင်မှုများလည်းရှိသည်။သို့သော် ကျွန်ုပ်တို့သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ဤလုပ်ဆောင်ချက်များ၏ ရရှိမှုနှင့်ဆောင်ရွက်မှုများကို ဖြည့်စွက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းလုပ်နိုင်သည်။ ဤအချက်သည် လိုက်လံဆောင်ရွက်သူ နှင့် ပေးအပ်သူတို့မှ ကျွန်ုပ်တို့ ပလက်ဖောင်းပေါ်တွင် copy trading ဝန်ဆောင်မှုအား အသုံးပြုနိုင်ပုံအပေါ် သက်ရောက်နိုင်သည်။

## 9. အခကြေးငွေများနှင့်ကုန်ကျစရိတ်

9.1. လိုက်လံဆောင်ရွက်သူများအတွက်

9.1.1. ပေးအပ်သူမှ CopyTrade အတွက်တောင်းခံလိုသည့်ပမာဏအပေါ်မူတည်၍ လိုက်လံဆောင်ရွက်သည့် ကုန်ကျစရိတ်သည် ကွာခြားနိုင်သည်။ အချို့သည် အခမဲ့မဟာဗျူဟာများပေးရန် မည်သည့်စရိတ်ကိုမှ မတောင်းခံခြင်းဖြစ်နိုင်သည် သို့မဟုတ် ပေးအပ်သူမှ CopyTrade ၏တန်ကြေး မည်မျှရှိသည်ဟုထင်မြင်ချက်အပေါ် မူတည်၍ အချို့သည် **စွမ်းဆောင်ရည်ကြေး**တောင်းခံနိုင်သည်။ စာရင်းသွင်းမှုမစတင်ခင် လိုက်လံဆောင်ရွက်သူသည် ၎င်းရင်းနှီးမြှုပ်နှံမည့် ကမ်းလှမ်းချက်တွင် ၎င်းကဲ့သို့စွမ်းဆောင်ရည်ကြေးကို စစ်ဆေးနိုင်သည်။

9.1.2 ATFX သည် ATFX CopyTrade ဝန်ဆောင်မှုအတွက် ကော်မရှင်မတောင်းခံပါ။ ATFX ၏ ဝင်ငွေသည် လိုက်လံဆောင်ရွက်သူနှင့် ပေးအပ်သူတို့ထည့်သွင်းသည့် trade များ၏ အရောင်း/အဝယ်ကွာခြားချက်မှ ရရှိသည်။

9.1.3. စွမ်းဆောင်ရည်ကြေးသည် ၄၀% ထက်မပိုနိုင်ပါ (အကယ်၍ စီးပွားရေးလိုအပ်ချက်ဖြစ်ပေါ်ပါက ၎င်းကဲ့သို့ စည်းမျဉ်းအပေါ် ပြင်ဆင်ချက်များထည့်သွင်းနိုင်သည့်အခွင့်အရေး ATFX တွင်ရှိသည်)။

9.1.4. ရေအမြင့်မှတ်၏အဓိပ္ပာယ် နှင့် ၎င်း၏အသုံးပြုပုံတို့အတွက် ကျေးဇူးပြုပြီး အပိုဒ် ၄.၉ ကို ဝင်ရောက်ကြည့်ရှုပါ။

9.1.5. အကယ်၍ လိုက်လံဆောင်ရွက်သူသည် စာရင်းသွင်းမှုကူးယူခြင်းကို ရပ်လိုက်ပါက စွမ်းဆောင်ရည်ကြေးကို ချက်ချင်းနုတ်ယူသွားမည်ဖြစ်သည်။

9.1.6.အကယ်၍ လိုက်လံဆောင်ရွက်သူသည် စွမ်းဆောင်ရည်ကြေးကိုပေးချေရန် လက်ကျန်ငွေအလုံအလောက်မရှိပါက ကျွန်ုပ်တို့အဖွဲ့သည် နုတ်ထွက်မှုတောင်းဆိုချက်ကို ငြင်းပယ်သွားမည်။f

9.1.7.ပိုမိုအသေးစိတ်ကျသော ရှင်းလင်းချက်အတွက် စည်းကမ်းများနှင့်သတ်မှတ်ချက်များ (ဘက်စုံဝန်ဆောင်မှုဖော်ပြချက်) ၏ (အပိုင်း ၄)ကို သွားရောက်ကြည့်ရှုပါ။

9.2. ပေးအပ်သူအတွက်

9.2.1. ပေးအပ်သူမှ ၎င်း၏မဟာဗျူဟာတန်ကြေးမည်မျှရှိသည်ဟု သတ်မှတ်ချက် နှင့် ၎င်း၏ လိုက်လံဆောင်ရွက်သူမှ ပေးအပ်လိုသည့်ပမာဏ ထင်မြင်ချက်အပေါ်မူတည်၍ ပေးအပ်သူသည် ကူးယူခြင်းအတွက် စွမ်းဆောင်ရည်ကြေးများကို သတ်မှတ်နိုင်သည်။

9.2.2. Trader တစ်ဦးမှ ပေးအပ်သူဖြစ်လာသည့်အခါ ပေးအပ်သူသည် လိုက်လံဆောင်ရွက်သူ(များ)၏ စုစုပေါင်းအမြတ် ၄၀% အထိ စွမ်းဆောင်ရည်ကြေးသတ်မှတ်ခွင့်ရှိသည်။

9.2.3. အကယ်၍ စီးပွားရေးလိုအပ်ချက်များဖြစ်ပေါ်ပါက အနာဂတ်မည်သည့်အချိန်တွင်မဆို စွမ်းဆောင်ရည်ကြေးများကို ကောက်ခံပုံအပေါ် ပြင်ဆင်ချက်များထည့်သွင်းရန် ATFXတွင် အခွင့်အရေးရှိသည်။

## 10. အန္တရာယ်အသိပေးချက်

10.1. သီးသန့် trader တစ်ယောက် သို့မဟုတ် trader များကို ကူးယူရန် ဆုံးဖြတ်ချက် ချမှတ်ရာတွင် လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ၏ငွေကြေးကတိကဝတ်များ အပါအဝင် ၎င်း၏ ငွေကြေးအခြေအနေကို စဉ်းစားသင့်သည်။ Copy trading သည်အများအားဖြင့် ခန့်မှန်းမှုဖြစ်ပြီး လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် အောက်ပါတို့ကြောင့် trader တစ်ယောက် သို့မဟုတ် trader များကိုကူးယူရန်အသုံးပြုသည့်ပမာဏထက်ကျော်လွန်သည့် သိသာသောဆုံးရှုံးမှုများဖြစ်နိုင်ကြောင်း သင့်အနေနှင့် နားလည်သင့်သည်။

a) လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ ကိုယ်တိုင်လုပ်ဆောင်စရာမလိုပဲ ၎င်း၏အကောင့်တွင် trade များဖွင့်ခြင်း၊ ပိတ်ခြင်း ပြုလုပ်သည့် အလိုအလျောက် trading ပြုလုပ်ခြင်းပါဝင်သည်။

b) အနည်းဆုံး trade အောက်နည်းသည့် ပမာဏနှင့် ကူးယူထားသော tradeများကို ဖွင့်သွားမည်မဟုတ်ပါ။

c) အကယ်၍ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် လက်ရှိဖွင့်ထားသော tradeများအားလုံးကို ကူးယူပါက ကျွန်ုပ်တို့သည် ကူးယူသည့်အချိန်ရှိ ရရှိနိုင်သောအကောင်းဆုံးဈေးနှုန်းဖြင့် လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ၏ အနေအထားကိုဖွင့်သွားမည်ဖြစ်ပြီး ကူးယူထားသည့် trade အား မူလဖွင့်ထားသည့်အချိန်ရှိဈေးနှုန်းဖြင့် ဖွင့်မည်မဟုတ်ပါ။

d) လိုက်လံဆောင်ရွက်သူ/ပေးအပ်သူမှ CopyTrade လုပ်ဆောင်ချက်အသုံးပြုသည့်အခါ ကူးယူခံရသော trader ၏ ငွေသားထုတ်ယူမှု၊ ငွေထုတ်ယူမှုများသည် လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ ကူးယူသည့် trader နှင့်မတူညီပဲ သိသာစွာကွာခြားသည့်ရလဒ်ဖြစ်စေနိုင်သည်၊ အကြောင်းမှာ ၎င်းသည် copy trading အမျိုးအစားများကို သက်ရောက်စေနိုင်သောကြောင့်ဖြစ်သည်။ ၎င်းသည် စတင်သည့်အကောင့်လက်ကျန်ငွေ၊ အနည်းဆုံး trade ပမာဏ၊ ရင်းနှီးမြှုပ်နှံသူ၏ အကောင့်ဆက်တင်များ၊ ပို့နှံမှုရှိကွာခြားချက်များ၊ အတိုး နှင့် ရင်းနှီးမြှုပ်နှံချိန်ရှိ ရင်းနှီးမြှုပ်နှံမှုဈေးနှုန်းတို့အပါအဝင် မတူညီသောအကြောင်းအရင်းများကြောင့်ဖြစ်သည်၊ ၎င်းအပြင် အခကြေးငွေများခြားနားခြင်းလည်း ဖြစ်နိုင်သည်။

e) အတွေ့အကြုံမရှိသော နှင့်/သို့မဟုတ် ပညာရှင်မပီသသော trader များ၏ trading ဆုံးဖြတ်ချက်များကို လိုက်လံဆောင်ရွက်ခြင်း/ကူးယူခြင်း။

f) လိုက်လံဆောင်ရွက်သူ နှင့် နောက်ဆုံးရည်ရွယ်ချက် သို့မဟုတ် အကြံအစည် သို့မဟုတ် ငွေကြေးအခြေအနေတို့ကွာခြားချက်ရှိသည့် trader များအား လိုက်လံဆောင်ရွက်ခြင်း/ကူးယူခြင်း နှင့်/သို့မဟုတ်

g) Trade အော်ဒါတွင် လိုက်လံဆောင်ရွက်သူ၏ ကူးယူထားသောအော်ဒါများကို

၎င်းကိုယ်တိုင်စီမံခန့်ခွဲမှုမပြုလုပ်နိုင်သည့်အန္တရာယ်။

h) အကောင့်ထံ ပြင်ပပါတီများမှ ဒေတာသိရှိခွင့်ရနိုင်သည့် အန္တရာယ်။

i) သဘာဝဘေးအန္တရာယ်များ၊ စစ်ရေးလှုပ်ရှားမှုများ၊ ဆန္ဒပြပွဲများ၊ အထိကရုဏ်းများ၊ ကွန်ရက်များလုပ်ဆောင်ချက်အပေါ် ကြားဖြတ်မှုများ နှင့် အခြား IT ပစ္စည်း၊ လျှပ်စစ်ပစ္စည်းကြားဖြတ်မှုများစသည်ဖြင့် ကြိုတင်မျှော်မှန်းပြင်ဆင်၍ မရနိုင်သောဖြစ်ရပ်များနှင့် ဆက်စပ်သည့် အန္တရာယ်များ။

j) လိုက်လံဆောင်ရွက်သူ နှင့်/သို့မဟုတ် ပေးအပ်သူမှ စည်းကမ်းများနှင့်သတ်မှတ်ချက်များအား လွဲမှားစွာနားလည်ခြင်း သို့မဟုတ် လွဲမှားစွာအဓိပ္ပာယ်ပြန်နိုင်သည့်အန္တရာယ်။

k) စည်းကမ်းများနှင့်သတ်မှတ်ချက်များနှင့် ဖယ်သွေသည့် ငွေကြေးနှင့် ရာဇဝတ်၊လိမ်ညာမှု သို့မဟုတ် အခြားတရားမဝင်သည့်လုပ်ဆောင်မှုများအကြောင်း ATFX သို့မဟုတ် ၎င်း၏ဆက်စပ်ကုမ္ပဏီများအား အသိပေးရန်နောက်ကျနိုင်သည့်အန္တရာယ်။

l) အကောင့်များအတွင်း ငွေကြေးများလွှဲပြောင်းသည့်အခါ ကြိုတင်မသိနိုင်သော နှောင့်နှေးမှုများ သို့မဟုတ် အပ်ငွေ/ထုတ်ငွေတောင်းဆိုချက်များလုပ်ဆောင်မှုအချိန်မမှန်ခြင်းဖြစ်နိုင်သည့် အန္တရာယ်။

m) CopyTrade စည်းကမ်းများနှင့်သတ်မှတ်ချက်များ၏ အပိုဒ် 5.3 အရ မည်သည့်ပါတီမှမဆို အခြေအနေအား တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့်ပြောင်းလဲနိုင်သည့်အန္တရာယ်။

10.2. ကျွန်ုပ်တို့၏ CopyTrade လုပ်ဆောင်ချက်အောက်ရှိ ATFX trader များနှင့်ဆက်စပ်သည့် ယခင်စွမ်းဆောင်ရည်၊ အန္တရာယ်သတ်မှတ်ချက်များ၊ ကိန်းဂဏန်းများ နှင့် အခြားအချက်အလက်များသည် အနာဂတ်စွမ်းဆောင်ရည်အတွက် ယုံကြည်စိတ်ချနိုင်သော ညွှန်ပြချက်များမဟုတ်ပါ။ လိုက်လံဆောင်ရွက်သူ ကူးယူသည့် ATFX trader/ပိုင်ဆိုင်မှုတွင် ဖော်ပြသော အမြတ်များ သို့မဟုတ် အရှုံးများနှင့် အလားတူများကို လိုက်လံဆောင်ရွက်သူမှ ရရှိမည်ဟု ကျွန်ုပ်တို့မှ ကိုယ်စားမပြုပါ သို့မဟုတ် အာမမခံပါ။

## 11. အုပ်ချုပ်သည့်ဥပဒေ

11.1 ဈေးကွက်၏စည်းမျဉ်းများနှင့်သက်ဆိုင်သည့် ငွေကြေးလွှဲပြောင်းမှုအား ၎င်း၏စည်းမျဉ်းများအောက်တွင် သက်ရောက်သည့်ဥပဒေမှအုပ်ချုပ်မည်ဖြစ်သည်။ ၎င်းနှင့်ဆက်စပ်၍ ဤသဘောတူညီချက်အား စိန့်ဗင်းဆန့်နှင့်ဂရန်းနဒင်းဥပဒေနှင့်အညီ အုပ်ချုပ်ပြီးအဓိပ္ပာယ်သက်ရောက်သည်။.

11.2 စိန့်ဗင်းဆန့်နှင့်ဂရန်းနဒင်း၏တရားရုံးများတွင် ဤစည်းကမ်းများနှင့်သတ်မှတ်ချက်များနှင့်ဆက်စပ်၍ဖြစ်ပေါ်သည့် မည်သည့်အမှုကိုမဆို ဖြေရှင်းရန်

ATFX CopyTrade

သီးသန့်တရားစီရင်ပိုင်ခွင့်ရှိပြီး ၎င်းရည်ရွယ်ချက်များအတွက် ATFX နှင့် လိုက်လံဆောင်ရွက်သူ/ပေးအပ်သူတို့သည် ဒေသတွင်းတရားရုံးများ၏ တရားစီရင်ပိုင်ခွင့်ထံလုံးဝလက်ခံရမည်။

11.3 ဤအပိုဒ် ၁၁ (အုပ်ချုပ်သည့်ဥပဒေ)ရှိ မည်သည့်အရာကမှ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ လုံးဝလက်ခံရသည့် တရားစီရင်ပိုင်ခွင့်ရှိသော အခြားနိုင်ငံများတွင် ATFX မှ လိုက်လံဆောင်ရွက်သူ/ ပေးအပ်သူများအား တရားစွဲဆိုခြင်းကို မတားဆီးပါ။

11.4 လိုက်လံဆောင်ရွက်သူ/ပေးအပ်သူ၏တည်နေရာနှင့် မသက်ဆိုင်ပဲ၊ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် ATFX မှတ်တမ်းများတွင်ဖော်ပြသည့် ၎င်း၏နောက်ဆုံးလိပ်စာထံ ကူးယူမှုများ တရားဝင်စာပို့ခြင်းဖြင့် သို့မဟုတ် စိန့်ဗင်းဆန့်နှင့်ဂရန်းနဒင်းဥပဒေ၊ ဝန်ဆောင်မှုတည်နေရာရှိဥပဒေ သို့မဟုတ် တရားစွဲဆိုမှုများဖြစ်ပေါ်သည့် တရားစီရင်ပိုင်ခွင့်နေရာ၏ဥပဒေအတိုင်း မည်သည့်တရားရုံးမဆို၏တရားစွဲဆိုမှုနှင့် ဆက်စပ်သည့် မည်သည့်ဥပဒေလုပ်ငန်းဝန်ဆောင်မှု သို့မဟုတ် မည်သည့်စာရွက်စာတမ်းမဆိုကို သဘောတူညီသည်။

## 12. အခြားပြဋ္ဌာန်းချက်များ

12.1. သက်ဆိုင်ရာပါတီမှ စည်းကမ်းချက်များနှင့်သတ်မှတ်ချက်များကို လက်ခံလိုက်သည့်အချိန်မှစ၍ ၎င်းတို့သည် အသက်ဝင်သည်။

12.2. ATFX CopyTrade သည်မည်သည့်အချိန်တွင်မဆို ပါတီများကိုအသိပေးပြီး ပြဋ္ဌာန်းချက်များထံပြင်ဆင်ချက်များထည့်သွင်းနိုင်သည့်အခွင့်အရေးရှိကြောင်း ပါတီများမှ သိရှိသည်။ ၎င်းကဲ့သို့ပြင်ဆင်ချက်များသည် အသိပေးချက်တွင်ဖော်ပြထားသည့်ရက်စွဲမှစတင်၍ အသက်ဝင်မည်ဖြစ်ပြီး ပါတီများအတွက် ဥပဒေအရချည်နှောင်မည်။

12.3. လက်ခံခြင်းအားဖြင့် ပေးအပ်သူသည် ATFX၊ ၎င်း၏ဆက်စပ်ကုမ္ပဏီများ နှင့် မည်သည့်ပြင်ပပါတီ မဆိုမှ ၎င်း၏ကိုယ်ရေးကိုယ်တာအချက်အလက်ကိုအသုံးပြုရန်ခွင့်ပြုချက်ကို ပေးအပ်သည်။ ၎င်းကဲ့သို့အသုံးပြုခြင်းသည် ကြော်ငြာခြင်းရည်ရွယ်ချက်များနှင့် ATFX သို့မဟုတ် ၎င်း၏ ဆက်စပ်ကုမ္ပဏီမှဖန်တီးသည့်၊ ပြင်ပပါတီများမှ အသုံးပြုသည့် ဇယားများ၊ စစ်တမ်းများ၊ အစီရင်ခံစာများ၊ အိုင်တီဆော့ဖ်ဝဲလ်ထုတ်ကုန်များ၊ ဝဘ်အက်ပ်များ စသည်တို့တွင် ဒေတာများအသုံးပြုခြင်းအပါအဝင် ဝန်ဆောင်မှုကိုအရောင်းမြှင့်တင်ခြင်းအတွက်ဖြစ်သည်။

12.4. မည်သည့်အကြောင်းအရင်းကြောင့်ဖြစ်စေ စည်းကမ်းများနှင့်သတ်မှတ်ချက်များရှိ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ပြဋ္ဌာန်းချက်များ အကျုံးမဝင်ခြင်း၊ မသက်ရောက်ခြင်း နှင့် ပျက်ပြယ်ခြင်းဖြစ်ပါက ၎င်းသည် အခြားပြဋ္ဌာန်းချက်များ၏အကျုံးဝင်မှုကို မထိခိုက်စေပါ။

12.5. ပါတီများသည် ကိုယ်ကျင့်တရားထိခိုက်မှုအတွက် အပြန်အလှန်လျော်ကြေးမပေးရပါ။

12.6. အင်္ဂလိပ်စာသား နှင့် အခြားဘာသာစကားစာသားများအကြား ကွာခြားချက်များရှိသည့်အခါ ပါတီများသည် သင့်လျော်သောအခြေအနေများ၏ စစ်မှန်သောသဘောတရားကိုဖော်ထုတ်ရန် လုပ်ဆောင်ချက်များဆောင်ရွက်ရမည်။ မတူညီခြင်းဖြစ်ပေါ်ပါက အင်္ဂလိပ်စာသားကိုသာ အတည်သတ်မှတ်ရမည်။

12.7. သက်ဆိုင်ရာဥပဒေအောက်ရှိ ကန့်သတ်ချက်များ သို့မဟုတ် ကျွန်ုပ်တို့၏အဖွဲ့အစည်းအတွင်းမူဝါဒများအောက်ရှိ ကန့်သတ်ချက်များကြောင့် အချို့နိုင်ငံများတွင်မွေးဖွားသည့် သုံးစွဲသူများအား ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအားလုံးကို မပေးအပ်နိုင်ခြင်းဖြစ်နိုင်သည် (၎င်းတို့အား "ကန့်သတ်ထားသော နိုင်ငံများ" ဟုသိရှိသည်)။ အကယ်၍ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် ကန့်သတ်ထားသောနိုင်ငံ၏ နေထိုင်သူဖြစ်ပါက လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် ကျွန်ုပ်တို့ဝန်ဆောင်မှုများအချို့ကို ရယူနိုင်သော်လည်း အားလုံးကို ရနိုင်မည်မဟုတ်ပါ။ အခါအားလျော်စွာ ကျွန်ုပ်တို့သည် ကန့်သတ်ထားသောနိုင်ငံများ စာရင်းနှင့် ကန့်သတ်ထားသောနိုင်ငံတစ်ခုအတွင်းရရှိနိုင်သည့်ဝန်ဆောင်မှုများကို ပြောင်းလဲနိုင်သည်။ နောက်ထပ်အချက်အလက်များအတွက် ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံ ဆက်သွယ်ပါ၊ ဆက်သွယ်ရမည့် အသေးစိတ်အချက်များကို အပိုဒ် 13 – "သင်နှင့်ဆက်သွယ်ခြင်း" တွင် ရရှိနိုင်သည်။

12.8. လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် မည်သည့်ပြင်ပပါတီ(အသက်မပြည့်သေးသူများအပါအဝင်)အား လိုက်လံဆောင်ရွက်သူ/သုံးစွဲသူ၏အကောင့်အား သုံးစွဲခွင့် နှင့်/သို့မဟုတ် ထိန်းချုပ်ခွင့် မပေးရပါ။ အကယ်၍ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် အခြားသူတစ်ဦးအား ၎င်း၏အကောင့်ကိုသုံးစွဲခွင့် နှင့်/သို့မဟုတ် ထိန်းချုပ်ခွင့်ပေးရန် ရွေးချယ်ပါက လိုက်လံဆောင်ရွက်သူ/ပေးအပ်သူသည် ကိုယ်ပိုင်အန္တရာယ်ကိုသိရှိကာလုပ်ဆောင်ခြင်းဖြစ်ပြီး အဆိုပါ ပြင်ပပါတီ၏ဆုံးဖြတ်ချက်များအတွက် ကျွန်ုပ်တို့မှ တာဝန်မရှိပါ။ ဥပမာ အကယ်၍ပေးအပ်သူသည် trade ပြုလုပ်လျှင် သို့မဟုတ် လိုက်လံဆောင်ရွက်သူမှ copy trade ပြုလုပ်ပြီးနောက် ဆုံးရှုံးမှုဖြစ်ပါက ကျွန်ုပ်တို့မှ လိုက်လံဆောင်ရွက်သူ/ပေးအပ်သူအား အဆိုပါငွေပြန်ပေးမည်မဟုတ်ပါ။ လုံခြုံရေး နှင့်/သို့မဟုတ် ဥပဒေကြောင်းအရင်းများအတွက် ကျွန်ုပ်တို့မှ မည်သည့်ပြင်ပပါတီမှမဆို လုပ်ဆောင်သည့်အော်ဒါများအား ပယ်ဖျက်ခွင့် သို့မဟုတ် ငြင်းပယ်ခွင့်ရှိသည်။

## 13. သင်နှင့်ဆက်သွယ်ခြင်း

13.1. အကယ်၍ သင့်တွင် နောက်ထပ်မေးခွန်းများရှိပါက၊ အောက်ပါချန်နယ်များမှတဆင့် ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံဆက်သွယ်ပါ-

(a) ကျွန်ုပ်တို့၏ပလက်ဖောင်းရှိ "တိုက်ရိုက်ပြောဆိုရန်" ခလုတ် / "ကျွန်ုပ်တို့အကြောင်း" တွင် ကျွန်ုပ်တို့၏တိုက်ရိုက်ပြောဆိုရန်လင့်ခ်ကို ဝင်ရောက်ပါ၊

(b) တိုင်ကြားရန်အီးမေးလ်: complaints.gm@atfx.com.

13.2. အကယ်၍ ကျွန်ုပ်တို့၏ တိုင်ကြားချက်ကိုင်တွယ်ခြင်းလုပ်ကိုင်နည်းအကြောင်း အချက်အလက်ပိုမိုသိရှိလိုပါက ကျေးဇူးပြုပြီး https://atcopytrade.com/ ၏ “ဥပဒေ” အပိုင်းကိုသွားရောက်ပါ။